**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန**
**၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်**
**အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချခြင်းဆိုင်ရာ**
**အထွေထွေစည်းကမ်းသတ်မှတ်ချက်များ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (သို့မဟုတ်) နိုင်ငံသားအဖြစ် လက်မှတ်ရရှိထားသူ၊ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကို အထောက်အထားအဖြစ် တင်ပြနိုင်သူ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် မြေနှင့်အဆောက် အဦ ပိုင်ဆိုင်မှုအမည်ပေါက်ရှိသူမည်သူမဆို လေလံဆွဲဝယ်ခွင့်ရှိသည်။

၂။ လေလံဆွဲဝယ်သူသည် လိုင်စင်တစ်ခုချင်းအလိုက် သတ်မှတ်ထားသော အာမခံငွေများကို လေလံပွဲကျင်းပမည့်နေ့မတိုင်မီ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ ပေးသွင်းရမည်။

၃။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတွင် အမည်တင်သွင်းသူကိုယ်တိုင် လာရောက်ဆွဲဝယ်ရပါမည်။ လေလံလျှောက်လွှာ တင်သွင်းသူ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူ (SpecialPower/GeneralPower)များဖြင့် လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ သို့သော် ရုတ်တရက်ကျန်းမာရေးအခြေအနေကြောင့် လေလံပွဲသို့ အမည်တင်သွင်းသူကိုယ်တိုင် လာရောက်ဆွဲဝယ်နိုင်ခြင်းမရှိပါက ဆေးလက်မှတ်အထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ၎င်း၏ ဆုံးဖြတ်ပိုင်ခွင့်ရှိသူအား လေလံဝင်ရောက် ဆွဲဝယ်ခွင့်ပြုမည်။

၄။ လေလံလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများအား ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသော လျှောက်လွှာများကို လေလံဆွဲဝယ်ခွင့်ပြုမည် မဟုတ်သည့်အပြင် အကယ်၍ လျှောက်လွှာအားလက်ခံပြီးနောက် လေလံတင်ရောင်းချရေးအဖွဲ့မှ ပြန်လည်စိစစ်သည့်အခါ တင်ပြထားသည့် အထောက်အထားများသည် ပြည့်စုံမှန်ကန်မှုမရှိကြောင်းတွေ့ရှိရပါက လေလံဆွဲဝယ်ခြင်းကို ခွင့်ပြုမည်မဟုတ်ပါ။

၅။ အခွင့်အရေးလိုင်စင်များနှင့်ပတ်သက်၍ နာမည်ပျက်ရှိသူများ၊ လိုင်စင်ကြေး၊ ဒဏ်ကြေးကြွေးကျန်ရှိသူများ၊ နာမည်ပျက်စာရင်းဝင်ဖြစ်နေသူများ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရအရေးယူခြင်းခံနေရသူ၊ အရေးယူရန်ကြေညာခံထားရသူ၊ တရားရင်ဆိုင်နေရသူများကို လိုင်စင်ချထားပေးမည်မဟုတ်ပါ။ လေလံဆွဲဝယ်ရရှိ၍ လိုင်စင်ချထားပြီးနောက် ယင်းအချက်အလက်များ စိစစ်ပေါ်ပေါက်လာပါက လေလံအောင်မြင်ခဲ့သူအား ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် လိုင်စင်အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ပေးသွင်းထားသော အာမခံငွေကို ကော်မတီပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၆။ လေလံအာမခံငွေပေးသွင်းရာ၌ အခွန်ဌာနတွင် ငွေသွင်းချလန် တောင်းခံရယူ၍ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ ပေးသွင်းပြီး ငွေသွင်းချလန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူကို လေလံလျှောက်လွှာနှင့်အတူ ဆွဲဝယ်သူပိုင်ဆိုင်သည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်း၊ သက်ဆိုင်ရာလိုင်စင်ကြမ်းခင်းဈေးတန်ဖိုးထက်လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်း(အဆောက် အအုံ/ အိမ် /မြေ)၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ငွေစုစာအုပ်မူရင်း၊ PO ချက်များပူးတွဲ၍ သတ်မှတ်ရက်

အတွင်း လေလံတင်ရောင်းချရေးအဖွဲ့သို့ ပေးအပ်လျှောက်ထားရမည်။ လေလံဆွဲဝယ်စဉ် အမည်စာရင်းအစီအစဉ်အား လေလံဆွဲဝယ်ရန်အတွက် ဌာနသို့ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်အထောက်အထားများ ပြည့်စုံစွာတင်သွင်းချိန်ပေါ်မူတည်၍ လည်းကောင်း၊ လျှောက်လွှာပြိုင်တူ ရောက်ရှိပါက ဘဏ်ငွေသွင်းသည့် ရက်စွဲ၊ ချလန်အမှတ်စဉ် အရလည်းကောင်း စီစဉ်ထားရှိမည် ဖြစ်ပါသည်။

၇။ လိုင်စင်ဆွဲဝယ်ရရှိပြီးပါက လုံခြုံမှုအာမခံအဖြစ် ဆွဲဝယ်သူပိုင်ဆိုင်သည့် လိုင်စင်တန်ဖိုးနှင့် ညီမျှသောအာမခံပစ္စည်း (မရွှေ့မပြောင်းနိုင်သည့် အဆောက်အအုံ/ အိမ်၊ မြေ၏ ဂရန်မူရင်း)၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်ငွေစုစာအုပ်မူရင်းများ ဌာနသို့တင်သွင်းရပါမည်။ လိုင်စင်ကြေး အကြေပေးသွင်းသူများအနေဖြင့် အထက်ပါ လုံခြုံမှုအာမခံပေးသွင်းရန်မလိုပါ။ လုံခြုံမှုအာမခံ တင်သွင်းထားသူများအနေဖြင့် လိုင်စင်အရစ်ကျကြေး ပြေကျေသည့်အခါ အဆိုပါ လုံခြုံမှု အာမခံများအား ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ လေလံဆွဲဝယ်သူတစ်ဦးတည်းမှ လိုင်စင် တစ်မျိုးထက်ပို၍ ဆွဲဝယ်ခဲ့သော်ဆွဲဝယ်သည့် လိုင်စင်အားလုံး၏လိုင်စင်ကြေးနှင့် ညီမျှသော အာမခံပစ္စည်း(မရွှေ့မပြောင်းနိုင်သည့် အဆောက်အအုံ/အိမ်၊မြေ၏ဂရန်မူရင်း)အား တင်သွင်းနိုင် သည်။ သို့သော် ဘဏ္ဍာရေးနှစ်အတွင်း အဆိုပါပုဂ္ဂိုလ်ဆွဲဝယ်လုပ်ကိုင်ခဲ့သည့် လိုင်စင်များထဲမှ လိုင်စင်တစ်ခုခု၏ စည်းကမ်းပျက်ကွက်မှုတွင် အာမခံပစ္စည်းအားအရေးယူဆောင်ရွက်ရပါက ၎င်းလိုင်စင်အတွက် အာမခံပစ္စည်းထပ်မံတင်သွင်းရမည်။ လိုင်စင်အားလုံးအတွက် စုပေါင်း၍ အာမခံပစ္စည်းထားရှိပါက ကျန်ရှိလိုင်စင်များအတွက် အာမခံပစ္စည်းအား ထပ်မံတင်သွင်းရမည်ဖြစ်သည်။

၈။ လေလံပွဲပြီးပါကလေလံမအောင်မြင်သူများ လျှောက်လွှာတင်စဉ် တင်သွင်းထားသော လေလံအာမခံငွေများကို လေလံပွဲပြီးဆုံးပြီး နောက်ရက်မှစ၍ ပြန်လည်ထုတ်ပေးပါမည်။ လျှောက်လွှာတင်ပြီး လေလံဝင်ရောက်ဆွဲဝယ်ခြင်းမရှိလျှင် ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၉။ လေလံဆွဲဝယ်မည့်သူများသည် လေလံပွဲပြုလုပ်သည့်နေ့တွင် လေလံတင်ရောင်းချရေးအဖွဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ရောက်ရှိကြောင်း သတင်းပို့ရမည်။

၁၀။ လေလံတင်ရောင်းချရေးအဖွဲ့၏ကြမ်းခင်းဈေးတန်ဖိုးငွေများကို လေလံပွဲစတင်ချိန် သင်ပုန်းတွင်တင်သည်နှင့် လေလံဆွဲဝယ်သူများမှစတင်၍ အဆိုပြုကမ်းလှမ်းရပါမည်။

၁၁။ လေလံဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက် လေလံခန်းမအတွင်းသို့ ဝင်ရောက်ခြင်းမရှိသူများအား လည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုချင်းစီအား (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်ခြင်းမရှိပါက လည်းကောင်း၊ လျှောက်လွှာတင်စဉ် တင်သွင်းထားသော အာမခံငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူမည့်အပြင် အမည်ပျက်စာရင်း တင်သွင်းခြင်းခံရမည်ဖြစ်သည်။ သို့ရာတွင်(၃)ကြိမ်မပြည့်သော်လည်း ယှဉ်ပြိုင်ဆွဲဝယ်မည့်လေလံကြေးသည် ကြမ်းခင်းဈေး၏(၂)ဆနှင့်အထက်မြင့်တက်ပါက (၃)ကြိမ်အထိ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၁၂။ လေလံယှဉ်ပြိုင်ဆွဲဝယ်နေစဉ်အတွင်း လေလံဆွဲဝယ်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း၊ ပန်းကြေးရယူခြင်းများ မပြုလုပ်ရ။ စကားပြောဆိုခြင်းနှင့် ပန်းကြေးရယူကြောင်း ထင်မြင်ယူဆပါက ၎င်းလိုင်စင်အတွက် တင်သွင်းထားသည့် လေလံအာမခံငွေများအား

C:\Users\USER\Desktop\Rule 26-27 - 2\Grule(26-27).docx\2

ကော်မတီပိုင်အဖြစ် သိမ်းယူခြင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ရောင်းချသည့် အခြားအခွင့်အရေးလိုင်စင်များကိုပါလေလံဝင်ရောက်ဆွဲဝယ်ခွင့်တားမြစ်ခြင်း စသည့်တို့အရေးယူ ခံရမည်ဖြစ်ပြီး လိုင်စင်အား လေလံတင်ရောင်းချရေးအဖွဲ့အနေဖြင့် ဆက်လက်ရောင်းချခြင်း (သို့မဟုတ်) နောက်တစ်ကြိမ်ပြန်လည်ရောင်းချခြင်းများ ပြုလုပ်မည်ဖြစ်သည်။

၁၃။ လေလံဆွဲဝယ်သူသည် တစ်ကြိမ်ထက်တစ်ကြိမ် လေလံကြေးတိုးပြီးပေးရာ၌ ယင်း လေလံကြေးသည် အဆမတန်ဈေးကြီးမြင့်ပြီး ထိုက်သင့်သည့်ဈေးထက် အဆမတန် များပြား ကြောင်း၊ ကာယကံရှင်အား ဝန်ထုတ်ဝန်ပိုးဖြစ်စေကြောင်း၊ ကော်မတီနှင့်ပြည်သူများ ထိခိုက်နိုင် ကြောင်း ထင်မြင်ယူဆပါက စဉ်းစားချင့်ချိန်ရန် လေလံတင်ရောင်းချရေးအဖွဲ့မှ (၃)ကြိမ်သတိပေး မည်။ရောက်ရှိနေသော လေလံကြေးနှုန်း၏(၅-ပုံ၁-ပုံ)ကို ငွေသား(သို့မဟုတ်) ငွေစုစာအုပ် မူရင်းဖြင့် လေလံတင်ရောင်းချရေးအဖွဲ့သို့ တင်ပြနိုင်ရမည်ဖြစ်သည်။ မတင်ပြနိုင်ပါက တင်သွင်း ထားသည့်အာမခံငွေကို ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်းခံရမည်ဖြစ်သည်။ လေလံယှဉ်ပြိုင်ဆွဲဝယ် ရာ၌(၁)ကြိမ်လျှင်သတ်မှတ် ကြမ်းခင်းဈေး၏ (၁%)ထက်မနည်း (သို့မဟုတ်) လေလံတင် ရောင်းချရေးအဖွဲ့မှ သတ်မှတ်သော နှုန်းထားအတိုင်း တိုးမြှင့်ပေးရမည်။

၁၄။ လေလံဆွဲဝယ်စဉ် လေလံကြေးအဆမတန် မြင့်တက်လာပါက လေလံဆွဲဝယ်သူမှ စဉ်းစားနိုင်ရန် (၁၅)မိနစ် စဉ်းစားခွင့်ပြုမည်။ သို့ရာတွင် လေလံပွဲကျင်းပသည့် ခန်းမပြင်ပသို့ ထွက်ခွာခွင့်ပြု မည်မဟုတ်ပါ။

၁၅။ အခမ်းအနားမှူးမှလေလံဈေးနှုန်းအားကြေညာ၍အကြိမ်ကြိမ်မှတ်တမ်းတင်ထားပါမည်။

၁၆။ မှတ်တမ်းတင်ထားပြီးလျှင် အဆိုပြုဈေးနှုန်းမှာ အတည်ဖြစ်သည်။

၁၇။ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းဖြစ်၍ ကြမ်းခင်းဈေးနှုန်းကို ကျော်လွန်ပြီး တန်ဖိုးအမြင့်ဆုံးပေးသူကိုသာ လေလံအောင်မြင်သူအဖြစ် ကြေညာပြီး လိုင်စင်ချထားပေးပါမည်။

၁၈။ လေလံစနစ်အရ ရောင်းချရာတွင် လေလံကြော်ငြာထုတ်ပြန်သည့်နေ့မှ ပထမအကြိမ် လေလံတင်ရောင်းချသည့်နေ့အထိ အနည်းဆုံး(၁၅)ရက်ခွာ၍ ကြေညာဖော်ပြရမည်။ လေလံတင် ရောင်းချရာတွင် ကြမ်းခင်းဈေး ပြည့်မီခြင်းမရှိပါက ဒုတိယအကြိမ် လေလံတင်ရောင်းချမည်ဖြစ် ပြီး ဒုတိယအကြိမ်တွင်လည်း အလားတူ ကြမ်းခင်းဈေးမပြည့်မီပါက တတိယအကြိမ်လေလံတင် ရောင်းချပါမည်။ လေလံတစ်ခုနှင့်တစ်ခုအကြားအနည်းဆုံး(၁၀)ရက်ခွာ၍ကြေညာရမည်။ တတိယ အကြိမ်လေလံတင်ရောင်းချရာတွင် ကြမ်းခင်းဈေးထက်မကျော်လွန်ပါက ချိတ်ပိတ်တင်ဒါခေါ်ယူ၍ ချိတ်ပိတ်တင်ဒါဈေးနှုန်းသည် ကြမ်းခင်းဈေးထက်ကျော်လွန်ပါကလက်ခံမည်ဖြစ်ပြီး မကျော်လွန် ပါက အခြားနည်းဖြင့် ညှိနှိုင်းရောင်းချသွားမည်ဖြစ်သည်။

၁၉။ လေလံတင်ရောင်းချရေးအဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

၂၀။ လေလံတင်ရောင်းချရေးအဖွဲ့မှ လိုင်စင်တစ်ခုချင်းအလိုက် လေလံအောင်မြင်သူများကို လေလံဆွဲပြီးပါက လေလံအောင်မြင်ကြောင်း ကြေညာမည်ဖြစ်ပါသည်။

၂၁။ လိုင်စင်တစ်ခုချင်းအလိုက် သက်ဆိုင်သည့် အသေးစိတ်စည်းကမ်းချက်များအား စာချုပ် ချုပ်ဆိုသည့်အခါတွင် ထည့်သွင်းရေးဆွဲချုပ်ဆိုရမည်။

C:\Users\USER\Desktop\Rule 26-27 - 2\Grule(26-27).docx\3

၂၂။ လိုင်စင်ရရှိသူများသည် မည်သည့်လိုင်စင်ကို ဆွဲဝယ်ရရှိသည်ဖြစ်စေအာမခံငွေ(လေလံကြေး၏ ၁၀ ပုံ ၁ပုံ)အား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ ချက်ချင်းပေးသွင်းရမည် ဖြစ်သည်။ လိုင်စင်အာမခံငွေကို လုပ်ငန်းဆောင်ရွက်မှုပြီးစီးသည့်အခါ လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိမှသာ ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ခွင့် ကုန်ဆုံးသည့်နေ့မှ (၃)နှစ်အတွင်းထုတ်ယူခြင်းမပြုပါက ထိုလိုင်စင်အာမခံငွေအား ကော်မတီပိုင်အဖြစ် သိမ်းယူမည်။

၂၃။ လိုင်စင်ရရှိသူများသည် မည်သည့်လိုင်စင်ကို ဆွဲဝယ်ရရှိသည်ဖြစ်စေ လေလံကြေးငွေ ကျပ်(၂,၀၀၀,၀၀၀/-)(ကျပ်နှစ်ဆယ်သိန်းတိတိ)ကို မကျော်လွန်ပါက လေလံကြေးငွေအားလုံးကို ချက်ချင်း ပေးဆောင်ရမည်။ လေလံကြေးငွေကျပ်( ၂,၀၀၀,၀၀၀/-) (ကျပ်နှစ်ဆယ်သိန်းတိတိ) ထက်ကျော်လွန်ခဲ့သော် အထက်အပိုဒ်ပါအာမခံငွေ ( လေလံကြေး၏ ၁၀-ပုံ ၁-ပုံ)နှင့်အတူ လေလံကြေး၏(၅-ပုံ၁-ပုံ)အား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ ချက်ချင်းပေးသွင်းရမည်ဖြစ်ရာ လျှောက်လွှာတင်စဉ် ပေးသွင်းထားသောအာမခံငွေကို ခုနှိမ်ခွင့်ရှိသည်။ကျန်ရှိသည့် ငွေကို(၈)ရစ်ခွဲ၍၂၀၂၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လစဉ်လဆန်း(၁၀)ရက် နေ့နောက်ဆုံးထားကာပြေကျေသည်အထိ သွင်းဆောင်ရမည်။လဆန်း(၁၀)ရက်ထက် နောက်ကျပေးသွင်းပါက တစ်ရက်လျှင် ငွေကျပ်(၁၀၀/-)အတွက် (၁)ကျပ်နှုန်း ရက်လွန်ဒဏ်ကြေးအဖြစ်ပေးဆောင်ရမည်။ လစဉ်အရစ်ကျပေးသွင်းရမည့်နေ့ရက်သည် ရုံးပိတ်ရက်ဖြင့်တိုက်ဆိုင်ပါက ကြိုတင်၍ ပေးသွင်းရမည်။ အရစ်ကျငွေကို တစ်လထက်ပို၍ နောက်ကျလျှင် လေလံချထားခြင်းမှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပြီး ပေးသွင်းထားသော အာမခံငွေနှင့် အခွန်ငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူမည်။ အရစ်ကျပေးသွင်းရမည့်ငွေကိုလုပ်ငန်းအာမခံငွေမှ ခုနှိမ်ပေးသွင်းခွင့်မပြုပါ။ ငွေပေးသွင်းပြီးတိုင်း ငွေရပြေစာကို တောင်းခံရယူထားရမည်။

၂၄။ လိုင်စင်ရရှိသူသည် လေလံချထားခြင်းခံရသည်နှင့်တစ်ပြိုင်နက် သတ်မှတ်လိုင်စင်တန်ဖိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းခြင်းမပြုပါက လေလံအာမခံငွေအား ကော်မတီပိုင်အဖြစ်သိမ်းယူမည့်အပြင် နာမည်ပျက်စာရင်း(Black List)တွင် မှတ်တမ်းတင် ကြေငြာထားရှိပြီးနောင်လေလံပွဲများ၌ မည်သည့်အကြောင်းနှင့်မျှ လေလံဝင်ရောက်ဆွဲဝယ်ခွင့်ပြုမည် မဟုတ်ပါ။ ရရန်ရှိသော လိုင်စင်ကြေးကြွေးကျန်များအား ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၂၅။ လိုင်စင်ရရှိသူသည် လေလံချထားခြင်းခံရသည်နှင့် တစ်ပြိုင်နက် ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ကင်းရှင်းကြောင်းသက်သေခံလက်မှတ်(သို့မဟုတ်)၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်ဝင်ငွေခွန်ကြိုတင်ပေးငွေထမ်းဆောင်ပြီးကြောင်း အထောက်အထားတင်ပြရမည်။ စာချုပ်ချုပ်ဆိုမှုအတွက်ကျသင့်သော အခွန်တော်ငွေတံဆိပ်ခေါင်း၊ မှတ်ပုံတင်ခများအား လိုင်စင်ရရှိသူမှ ကျခံရမည်။

၂၆။ လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ လုပ်ငန်းကို (၁.၄.၂၀၂၆) ရက်နေ့မှ (၃၁.၃.၂၀၂၇)ရက်နေ့အထိ(၁)နှစ်သာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

C:\Users\USER\Desktop\Rule 26-27 - 2\Grule(26-27).docx\4

၂၇။ လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း လုပ်ငန်းပြန်လည်အပ်နှံခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးခြင်းများအတွက် အခွန်ငွေလျှော့ပေါ့ရန်အတွက်လည်းကောင်း၊ လျော်ပစ်ရန်အတွက်လည်းကောင်း လျှောက်ထားလာပါက လက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါ။ အထူးကိစ္စတစ်ရပ်ဖြစ်ပါက ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

၂၈။ လိုင်စင်ရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ခွင့်ရသည့် လုပ်ငန်းကို ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ အခြားသူသို့တဆင့် အငှားချထားခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် ရောင်းချခြင်း၊ သုံးစွဲခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရ။

၂၉။ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ လေလံစည်းကမ်းချက်နှင့် စာချုပ်ပါအချက်များကိုလည်းကောင်း၊ ကော်မတီက ထုတ်ပြန်ထားသည့် စည်းကမ်း( By-Law )ကိုလည်းကောင်း၊ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုင်စင်ရရှိသူ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းမှ တာဝန်ပေးအပ်ထားသူမှဖြစ်စေ ဖောက်ဖျက်ပါက သတိပေးခြင်း၊ ဒဏ်ငွေတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ လိုင်စင်ပိတ်သိမ်းခြင်း၊ အာမခံအပ်ငွေများအား ကော်မတီပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ အာမခံတင်သွင်းထားသော ပစ္စည်းများအား လေလံတင်၍ ရရန်ရှိသည် တို့ကိုသိမ်းယူခြင်း၊ နာမည်ပျက်စာရင်း ကြေညာခြင်းစသည့် အရေးယူခြင်းခံရမည်ဖြစ်သည်။ လိုင်စင်ပြန်လည်ရောင်းချရာတွင်လည်း မူလလေလံကြေး ပြည့်မီခြင်းမရှိပါက ခြားနားလျော့နည်းသည့်လိုငွေကို မူလလိုင်စင်ရရှိသူမှ ပေးလျော်ရမည်ဖြစ်သည်။

၃၀။ လေလံစည်းကမ်း တစ်စုံတစ်ရာ ဖေါက်ဖျက်ကြောင်း စိစစ်တွေ့ရှိပါက သတိပေးခြင်း၊ ဒဏ်ငွေ တပ်ရိုက်ခြင်း၊ လေလံလိုင်စင်အား ပြန်လည်သိမ်းယူပြီး စည်းကမ်းနှင့်အညီ လေလံတင်ရောင်းချရန်နှင့် ၎င်းတို့တင်သွင်းထားသော အာမခံငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူ၍ နာမည်ပျက်စာရင်း တင်သွင်းမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်စည်းကမ်း ဖောက်ဖျက်၍ နာမည်ပျက်စာရင်းသွင်း အရေးယူခြင်းခံရပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၌ ၎င်းလုပ်ကိုင်ခွင့်ရသောအခြားအခွင့်အရေး လိုင်စင်များအတွက်ပါ အဆိုပါအရေးယူမှုသည် သက်ရောက်မှုရှိစေရမည်။

၃၁။ လုပ်ငန်းဆောင်ရွက်ခွင့်ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်အချိန်ကာလအတွင်းဆောင်ရွက်ခွင့်ပြုသည်။ လိုင်စင်ရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ပေးထားသော နှုန်းထားအတိုင်းသာလျှင် ကောက်ခံရမည် ဖြစ်သည်။ သတ်မှတ်ထားသည့် နှုန်းထားထက်ပိုမိုရရှိရန် ပြင်ဆင်ဆောင်ရွက်ကောက်ခံခြင်း မပြုရ။ လေလံဆွဲဝယ်စဉ် ညှိနှိုင်းသဘောတူသော စည်းကမ်းချက်များအား မိမိလုပ်ငန်း လုပ်ကိုင်စဉ် ပြင်ဆင်ပေးရန် တင်ပြခြင်းကို ခွင့်မပြု။

၃၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ပေးထားသော နှုန်းထားများထက် ပိုမိုရောင်းချ/ ကောက်ခံခြင်းမပြုရ။ အခွန်နှုန်းထား သတ်မှတ်ဈေးနှုန်း ဆိုင်းဘုတ်အားသတ်မှတ်ထားသည့် ပုံစံအရွယ်အစားအတိုင်း ရေးဆွဲ၍ မြင်သာသောနေရာတွင် ချိတ်ဆွဲထားရမည်။ အခွင့်အရေးလိုင်စင်ချထားပေးသော အခွန်အကောက် ကောက်ခံမှုလိုင်စင်များ၏အသုံးပြု

C:\Users\USER\Desktop\Rule 26-27 - 2\Grule(26-27).docx\5

သောပြေစာများအား သက်ဆိုင်ရာဌာန၏ သတ်မှတ်ပေးသော ပုံစံအတိုင်းသာ ကောက်ခံအသုံးပြု ရမည်။ ပျက်ကွက်ပါက တစ်ကြိမ်လျှင်ဒဏ် ငွေကျပ်(၁၀၀,၀၀၀/-) တပ်ရိုက်ခြင်းခံရမည်ဖြစ်သည်။

၃၃။ စခန်း၊ အဆောက်အအုံ၊ ဆိုင်ခန်းအတွင်း/အပြင် သန့်ရှင်းရေး၊ အသေးအဖွဲ့ပြင်ဆင်ရေး ကို မိမိပိုင်ပစ္စည်းကဲ့သို့ လိုင်စင်ရရှိသူက ဆောင်ရွက်ရမည်။

၃၄။ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်းကောင်း၊ မမျှော်မှန်းနိုင်သော အကြောင်း များကြောင့်သော်လည်းကောင်း လုပ်ငန်းမလုပ်နိုင်ခြင်းများအတွက်လုပ်ငန်းခေတ္တပိတ်ထားရခြင်း များကို ငွေတန်ဖိုးတွက်ချက်သတ်မှတ်၍ ပြန်အမ်းမည်မဟုတ်ပါ။

၃၅။ လေလံတင်ရောင်းချရေးအဖွဲ့သည် လိုင်စင်ချထားပေးသော လုပ်ငန်းကို ရုပ်သိမ်းလိုက အကျိုးအကြောင်းဖော်ပြ၍ အချိန်မရွေး ရုပ်သိမ်းနိုင်သည်။ သို့သော် လိုင်စင်ရရှိသူက ကြိုတင်ပေး သွင်းထားသောလိုင်စင်ကြေးများရှိပါက ရုပ်သိမ်းသည့်နေ့မှစ၍တွက်ချက်ရရှိသောပိုသွင်းထားငွေ များကို ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

၃၆။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ပေးအပ်သူ (သို့မဟုတ်) ဌာနမှ တာဝန်ပေးအပ်သူတို့က လိုအပ်ပါက စစ်ဆေးမည်ဖြစ်၍ စစ်ဆေးခြင်းကို ခံယူရမည်။

၃၇။ အဆောက်အအုံများ၏ လုံခြုံရေးနှင့်မီးဘေးလုံခြုံရေးကိစ္စများကို တာဝန်ယူဆောင်ရွက် ရမည့်အပြင် သက်ဆိုင်ရာနယ်မြေအာဏာပိုင်များ၊ တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည့် လုံခြုံ ရေးအဖွဲ့အစည်းများမှ အကူအညီတောင်းခံလာပါက လုံခြုံရေးအတွက်အပြည့်အဝ ပူးပေါင်း ကူညီရမည်။ လိုင်စင်ရရှိသူ၏ပေါ့ဆမှုကြောင့်မီးလောင်မှုဖြစ်ပွားပါက နေပြည်တော်စည်ပင် သာယာရေး ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ သတ်မှတ်တန်ဖိုးအား ပေးလျော်ရမည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသော စည်ပင်သာယာ ရေးဆိုင်ရာလုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ တည်ဆဲဥပဒေ၊ စည်းကမ်း များကို လိုက်နာရမည်။

၃၉။ လိုင်စင်ရရှိသူသည် ရာဇဝတ်မှုကိုကျူးလွန်နိုင်သည့်ကိစ္စဟူသမျှကို တားဆီးပေးရမည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စခန်းကွပ်ကဲမှုရုံးသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်း ကြားရမည်။ လိုအပ်ပါက နီးစပ်ရာရဲစခန်းသို့ ဆက်သွယ်ဆောင်ရွက်ရမည်။

၄၀။ လိုင်စင်ရရှိသူသည် လိုင်စင်ချထားပေးသည့် ကာလအတွင်း လိုင်စင်ချထားသည့် အဆောက်အအုံတွင် နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ထားသည့် ဥပဒေနှင့်မလွတ်ကင်းသောကိစ္စရပ် များဖြစ်ပေါ်မှုမရှိအောင် ဆောင်ရွက်ရမည်။ အကယ်၍ ပြဿနာပေါ်ပေါက်လာပါကလိုင်စင်ရရှိသူ ၏ တာဝန်သာဖြစ်သည်။

၄၁။ လျှပ်စစ်ဓါတ်အားခ၊ တယ်လီဖုန်းအသုံးပြုခ၊ ရေဖိုးရေခ၊ သန့်ရှင်းရေးစရိတ်နှင့် အခြား အထွေထွေအသုံးစရိတ်များအား လိုင်စင်ရရှိသူမှသာ ကျခံရမည်။

၄၂။ လိုင်စင်ရရှိသူသည် လေလံဆွဲဝယ်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်းအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်များ ရယူ လုပ်ကိုင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာစည်းကမ်းများကို လိုက်နာရမည်။

၄၃။ အကြောင်းအမျိုးမျိုးကြောင့် လက်ရှိနှစ်လေလံရပ်ဆိုင်းသည်ဖြစ်စေ၊လက်ရှိဘဏ္ဍာရေးနှစ်တစ်နှစ် ကုန်ဆုံးပြီး၍ နောက်ဘဏ္ဍာရေးနှစ်အတွက် လေလံမအောင်မြင်ပါကဖြစ်စေ လက်ရှိလိုင်စင်ရရှိသူသည်နောက်ထပ်လက်ခံမည့်သူသို့ မိမိလက်ခံစဉ်ကအနေအထားအတိုင်းစနစ်တကျလွှဲပြောင်းပေးရမည်။

၄၄။ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမည့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်းရောက်မှ လေလံရောင်းချအောင်မြင်ပါက လက်ရှိလိုင်စင်ရရှိသူသည် လေလံအောင်သည့်ရက်မတိုင်ခင်အထိ လက်ရှိလိုင်စင်ကြေးနှုန်းဖြင့် ဆက်လက်လုပ်ကိုင်၍ ကျသင့်လိုင်စင်ကြေးအား (၁၀%)အာမခံအပ်ငွေမှ ခုနှိမ်ပေးသွင်းထုတ်ပေးမည်ဖြစ်သည်။ လိုင်စင်ရရှိသူသည် လေလံအောင်သည့်ရက်မှစ၍ ဘဏ္ဍာရေးနှစ်ကုန်သည့် မတ်လ(၃၁)ရက်နေ့အထိ ကျသင့်လိုင်စင်ကြေးအားပေးသွင်းရမည်ဖြစ်ပါသည်။

၄၅။ လိုင်စင်ရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၄၆။ အခြားသိရှိလိုသော အချက်အလက်များရှိပါက ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ သက်ဆိုင်ရာဌာနသို့လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။စုံစမ်းမေးမြန်းခြင်းမရှိခဲ့သော်လိုင်စင်ရရှိသူသည် ဤစည်းကမ်းသတ်မှတ်ချက်များကို သိရှိနားလည်ပြီးဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

၄၇။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ပါ စည်းကမ်းများ ဖောက်ဖျက်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်။

လေလံတင်ရောင်းချရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ